# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက အစီရင်ခံစာသစ် ထုတ်ဝေခြင်း
# မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိပြည်သူများ၏ ခုခံတော်လှန်မှုနှင့် ကျော်လွှားနိုင်စွမ်းများ
# (၂၀၂၃ ဇန်နဝါရီလ – ဇွန်လ)

အောက်တိုဘာ ၅၊ ၂၀၂၃

ယနေ့တွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက "မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိပြည်သူများ၏ ခုခံတော်လှန်မှုနှင့် ကျော်လွှားနိုင်စွမ်းများ" (၂၀၂၃ ဇန်နဝါရီလ – ဇွန်လ) အမည်ရှိ အစီရင်ခံစာသစ်ကို ထုတ်ဝေလိုက်သည်။ ဤအစီရင်ခံစာပါ တွေ့ရှိချက်များဖြင့် ပြီးခဲ့သည့် (၆) လတာ,ကာလအတွင်းက ကရင်၊ မွန်နှင့် တနင်္သာရီဒေသများမှ လူ့အခွင့်အရေးအခြေအနေများကို ခြုံငုံသုံးသပ်နိုင်မည် ဖြစ်သည်။ ၎င်းပြင် စစ်ကောင်စီကဆင်နွှဲနေသည့် ရက်စက်ကြမ်းကြုတ်သည့် အကြမ်းဖက်စစ်ပွဲကို မြန်မာနိုင်ငံအရှေ့တောင်ပိုင်းရှိ လူမျိုးဘာသာကျားမ,မရွေး အားလုံးသောပြည်သူများက လေးစားဖွယ် သတ္တိဗျတ္တိအပြည့်ဖြင့် ခုခံတော်လှန်နေပုံကိုလည်း ထင်ဟပ်တင်ပြထားသည်။

၂၀၂၃ ဇန်နဝါရီလမှ ဇွန်လအထိ ဒေသခံပြည်သူ (၈၄၀) ဦး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး (၃၁၅) ဦး ထိခိုက်ဒဏ်ရာရကာ (၁၄၆) ဦး သတ်ဖြတ်ခံခဲ့ရကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မှတ်တမ်းတင်ခဲ့သည်။ ယခုလက်ရှိကောက်ခံရရှိထားသော ဤကိန်းဂဏန်းများသည် ၂၀၂၂ နှစ်ကုန်ပိုင်းတွင် ကောက်ခံထားသည့်ကိန်းဂဏန်းများထက် များစွာစိုးရိမ်ဖွယ်ကောင်းနေသည်။ ၂၀၂၂ ခုနှစ်တစ်နှစ်လုံးအတွင်း အပြစ်မဲ့ပြည်သူ (၁,၁၅၅) ဦး မတရားဖမ်းဆီးချုပ်နှောင်ခံခဲ့ရပြီး အမျိုးသမီးနှင့် ကလေးသူငယ် (၂၆) ဦးအပါအဝင် ပြည်သူ (၁၄၆) ဦး သတ်ဖြတ်ခံခဲ့ရသည်။ လူပေါင်း (၅၀၀) နီးပါး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် (၁၂၀) ဦးမှာ အမျိုးသမီးနှင့် ကလေးသူငယ်များ ဖြစ်သည်။ အကြမ်းဖက်မှုများသည် ယခုနှုန်းထားအတိုင်းသာ ဆက်လက်ဖြစ်ပွားနေမည်ဆိုပါက ၂၀၂၃ ခုနှစ်၏ ထိခိုက်သေဆုံးမှုကိန်းဂဏန်းအရေအတွက်သည် ၂၀၂၂ ခုနှစ်ကကိန်းဂဏန်းအရေအတွက်ထက် ကျော်လွန်သွားမည် ဖြစ်သည်။ စစ်ကောင်စီကလည်း စစ်ကြောင်းထိုးမှုများကို လျှော့ချသွားမည့်အရိပ်အယောင်မရှိသည့်အတွက် ထိုကဲ့သို့သာ ဖြစ်လာဖွယ်ရှိသည်။ မအောင်မြင်သောအာဏာသိမ်းမှုအပေါ် ခုခံတော်လှန်မှုများက အားကောင်းလာသည်နှင့်အမျှ စစ်ကောင်စီက စစ်ရေးဗျူဟာကို ပြောင်းလဲလာပြီး လက်နက်ကိုင်ပဋိပက္ခကာလအတွင်း ဖမ်းဆီးရမိသူ တော်လှန်ရေးအင်အားစုများကို အစအနဖျောက်ဖျက်ခြင်းနှင့် အ ကြမ်းဖက်နှိပ်စက်ခြင်းတို့ ပြုလုပ်လာသည်။

အကြမ်းဖက်ရက်စက်မှုများက နေ့စဉ်နှင့်အမျှ ဖြစ်ပွားနေသော်လည်း "အခြေအနေအားလုံးက ပုံမှန်အတိုင်းဖြစ်နေသည် " ဟု လုပ်ကြံပြောဆိုပြသလိုနေသည့်စစ်ကောင်စီကို ပြည်သူများက စည်းစည်းလုံးလုံးဖြင့် မည်ကဲ့သို့ငြင်းဆိုတော်လှန်နေသည်ကိုလည်း မီးမောင်းထိုးတင်ပြထားသည်။ ဆက်လက်ဖြစ်ပွားနေသည့် ခုခံတော်လှန်မှုပုံစံများမှာ အသံတိတ်သပိတ်များ၊ လူမှုကွန်ရက်ပေါ်က စေ့ဆော်လှုပ်ရှားမှုများ၊ လူမှုကွန်ရက်များမှတဆင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များတွင် တစ်နည်းတစ်ဖုံ ပါဝင်ခြင်းများ၊ အာဏာရှင်စနစ်အောက်တွင် အမှုမထမ်းခြင်းလှုပ်ရှားမှုများနှင့် ဒေသန္တရအစိုးရဖွဲ့စည်းမှုတို့ ပါဝင်သည်။

“ကျွန်မတို့က ဒုက္ခတောထဲ ရောက်နေတယ်ဆိုပေမဲ့ ကျွန်မတို့ရဲ့ ခုခံတော်လှန်မှုက အားကောင်းနေဆဲပါပဲ။ အသက်ရှင်ဖို့အတွက် အခက်အခဲပေါင်းစုံကို ကျွန်မတို့ ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီးပြီ။ လူထုအခြေပြုအဖွဲ့တွေ တော်လှန်ရေးမဟာမိတ်

တွေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဒေသခံလူမှုအသိုင်းအဝိုင်းတွေရဲ့ အကူအညီတွေ အများကြီးရခဲ့တယ်။ ကျွန်မတစ်ယောက်တည်းအနေနဲ့ကတော့ တော်လှန်ရေးကို ပိုမိုလုပ်နိုင်ဖို့ ကျွန်မရဲ့စိတ်ကို အများကြီးပြင်ဆင်ထားမယ်။ တစ်ယောက်ကိုတစ်ယောက် ကူညီဖေးမမယ်" ဟု အသက် (၃၀) အရွယ် CDM ဆရာဝန်တစ်ဦးက ပြောသည်။

ဤအစီရင်ခံစာ၏ အနှစ်ချုပ်တွင် ဖော်ပြထားသည့်အတိုင်း ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ခဲ့သည့် နိုင်ငံတစ်ဝန်းလုံးမှခုခံတော်လှန်မှုများသည် လျော့ပါးနွေးကွေးသွားမည်မဟုတ်ချေ။ ဆန့်ကျင်ဘက်အားဖြင့် ယခုတော်လှန်ရေးသည် စစ်အာဏာရှင်စနစ်ကို ဧကန်မုချအမြစ်ဖြတ်မည့် နောက်ဆုံးတော်လှန်ရေးဟု ပြည်သူများက သန္နိဋ္ဌာန်ချမှတ်ထားသဖြင့် ခုခံတော်လှန်မှုများကို ပို၍သာအရှိန်အဟုန်မြှင့်လာမည်ဖြစ်သည်။

"အာဏာရှင်စနစ်ကို အမြစ်ဖြတ်မည်" ဟူသော ပြည်သူတို့၏ မပြောင်းလဲသော စိတ်ပိုင်းဖြတ်ထားမှုနှင့် တာဝန်သိမှုတို့ကို ဤအစီရင်ခံစာပါ တွေ့ရှိချက်များနှင့် အခြားသောလူထုအခြေပြုအဖွဲ့အစည်းများ၏ အစီရင်ခံစာများက သက်သေခံနေသည်။ မြန်မာနိုင်ငံသည် အရေးပေါ်အခြေအနေတွင် ရောက်ရှိနေသဖြင့် လူသားချင်းစာနာထောက်ထားမှုအကူအညီများကလည်း အရေးပေါ်လိုအပ်နေသည်။ အဆိုပါအကူအညီများကို ပေးအပ်ရန် နှောင့်နှေးကြန့်ကြာနေ၍ မရတော့ချေ။

မြန်မာနိုင်ငံ၏အနာဂတ်သည် ဒီမိုကရေစီစနစ်တွင်သာ အမြစ်တွယ်ရမည်ဟုယုံကြည်ကာ ခုခံတော်လှန်မှုပြုနေသူများနှင့် အတူတကွရပ်တည်ပေးရန် ကမ္ဘာ့ခေါင်းဆောင်များကိုသာမ ဒေသတွင်းခေါင်းဆောင်များကိုပါ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တိုက်တွန်းတောင်းဆိုသည်။ ဤရပ်တည်မှုဟုဆိုရာ၌ အသက်များစွာကို ကယ်တင်နိုင်သည့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ရန်နှင့် ဒေသခံကူညီကယ်ဆယ်ရေးလုပ်သားများနှင့် တိုက်ရိုက်ထိတွေ့အလုပ်လုပ်ရန်တို့ ပါဝင်သည်။ ထိရှလွယ်သည့် စစ်ဘေးရှောင်ပြည်သူများကို အရေးပေါ်အကူအညီများ ပေးအပ်ရာတွင် အဆိုပါလုပ်ငန်းနှင့် ပတ်သက်ပြီး ဆယ်စုနှစ်များစွာ အတွေ့အကြုံရှိပြီးသောအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ယုံကြည်မှုတည်ဆောက်ရမည်။ ၎င်းပြင် ငြိမ်းချမ်းရေး၊ တွေ့ဆုံဆွေးနွေးရေးနှင့် လူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးတို့တွင် "စစ်ကောင်စီသည် မိတ်ဖက်အဖွဲ့အစည်းတစ်ခု မဟုတ်" ဟူသော မြန်မာပြည်သူများ၏ သဘောထားအသံကိုလည်း ကျယ်ကျယ်လောင်လောင်ထင်ဟပ်စေရမည်။

ဆက်သွယ်ရန် -


နိုင်အဲမွန်
စီမံကိန်းဒါရိုက်တာ (Program Director)
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
Email: auemon@rehmonnya.org
Signal: +66 86 167 9741


မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ လူထုအုံကြွမှုမှ ပေါ်ပေါက်လာသည့် ဒီမိုကရေစီအရေးလှုပ်ရှားသူ အဝေးရောက်ကျောင်းသားကျောင်းသူများ၊ တက်ကြွလှုပ်ရှားသူများနှင့် မွန်လူမှုအသိုင်းအဝိုင်းမှ ခေါင်းဆောင်များနှင့် လူငယ်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မူလရည်ရွယ်ချက်သည် မြန်မာနိုင်ငံတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေးတို့ကို ပြန်လည်ဖော်ဆောင်ရန် ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တိုင်းပြည်၏ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး အမြင်သဘောထားတူညီသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။